
INDORAMA VENTURES

TO BE A WORLD-CLASS CHEMICAL COMPANY
MAKING GREAT PRODUCTS FOR SOCIETY

# ရေရှည်တည်တံ့နိုင်စွမ်း အစီရင်ခံစာ
# အလုပ်အမှုဆောင် အကျဉ်းချုပ် ၂၀၁၈



## We Source - We Make – We Recycle

# ကျွန်ုပ်တို့၏ ဒါရိုက်တာများ ဘုတ်အဖွဲ့

## ယနေ့ IVL ၏ ရပ်တည်မှုအတွက် ပံ့ပိုးနေကြသူများ



ပိုမိုပြည့်စုံသော
သတင်းအချက်အလက်များ

# လုပ်ငန်းစု အမှုဆောင်အရာရှိချုပ်ထံမှ အမှာစကား



*" နောင်လာမည့် စီးပွားတော်လှန်ရေး အသစ်တစ်ခုသည် စတင်နေပြီဖြစ်ပြီး ဤအခြေခံကျသည့် ပြောင်းလဲမှုသည် **ရေရှည်တည်တံ့နိုင်စွမ်း** အပေါ် ဗဟိုပြု လည်ပတ်နေပါသည်။"*

**ရေရှည်တည်တံ့နိုင်စွမ်း** ဆိုသည်မှာ လူမှုရေး သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စသာမဟုတ်ပဲ, **ကျွန်ုပ်တို့၏ စီးပွားရေးများ** နှင့်၎င်းတို့ကို ကြိုဆိုလက်ခံသော **ကုမ္ပဏီများအား** အရှိန်အဟုန်မြင့်စွာ **ပုံစံပြောင်းစေမည့် အတွေးအခေါ်တစ်ရပ်** ဖြစ်ပါသည်။

**Aloke Lohia**

လုပ်ငန်းစု အမှုဆောင်အရာရှိချုပ်

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# IVL အကြောင်း တစေ့တစောင်း

## IVL ၏ လုပ်ငန်းနေရာများ

၃၁ ရက် ဒီဇင်ဘာလ ၂၀၁၈ အထိ

**၉၃** နေရာ

**၅** တိုက်

**၃၁** နိုင်ငံ

၂၀၁၈ခုနှစ်တွင် , **၁၉** နေရာသစ်များ




ကမ္ဘာအနှံ့ ကျွန်ုပ်တို့ ရှိနေသည့်နေရာများ

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

### ကုန်ကြမ်းပစ္စည်းများ

ကျွန်ုပ်တို့သည် PET နှင့် Polyester ထုတ်လုပ်ခြင်းအတွက် လိုအပ်သည့် ပစ္စည်းများ ထုတ်နိုင်ရန် နောက်ပြန် လုပ်ငန်းစဉ်များပါ ပေါင်းစပ်ထားပါသည်။

### ထုတ်ပိုးမှု

ကျွန်ုပ်တို့၏ ထုတ်ကုန်များတွင် PET ပုံဖော် ပုလင်းများ (ကြိုတင်ပုံသွင်း)၊ ပုလင်းဖုံးများနှင့် ပုလင်းများ ပါဝင်ပါသည်။

### PET

ကျွန်ုပ်တို့ထံမှ အောက်ပါတို့အပါအဝင် အဆင့်အမျိုးအစား အမျိုးမျိုးဖြင့် ထုတ်ကုန်များ ဥပမာ အပူထည့်နိုင်သည့်၊ ပျော့ပျောင်းမှု အမြင့် အနိမ့်၊ အပူမြန်နှင့် အထွေထွေ စသည်တို့ ရနိုင်ပါသည်။

### သိုးမွေး

ကျွန်ုပ်တို့၏ ပထမဆုံး အဆင့်မြင့် အချောထည် သိုးမွေးလုံး ထုတ်လုပ်ခြင်းကို အကောင်းဆုံး စက်ပစ္စည်းများနှင့် နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ စတင်ခဲ့ပါသည်။

မှတ်ချက်: IVL စုစုပေါင်း လုပ်ငန်းနေရာများတွင် ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဝယ်ယူခဲ့သည့် နေရာများနှင့် ဖက်စပ်လုပ်ငန်းများ ပါဝင်ပါသည်။

### ဖိုက်ဘာမျှင်များ

ကျွန်ုပ်တို့၏ Polyesterနှင့် ချည်လုံးများကို မော်တော်ကားနှင့် နည်းပညာ၊ အိမ်နှင့် အဝတ်အစား၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ဆေးပညာ ကဏ္ဍများတွင် အသုံးပြုပါသည်။

### ပြန်လည် သန့်စင် အသုံးပြုသော ထုတ်ကုန်များ

ကျွန်ုပ်တို့၏ ပြန်လည်သန့်စင်အသုံးပြုသော ထုတ်ကုန်များမှာ ပုလင်းခွံအလွှာများ၊ ပြန်လည် သန့်စင်အသုံးပြုသည့် PET သို့မဟုတ် rPET နှင့် ပြန်လည် သန့်စင်အသုံးပြုသည့် ဖိုက်ဘာမျှင်များ ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ ထုတ်ကုန်များ



ကျွန်ုပ်တို့၏ထုတ်ကုန်များ

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# IVL ၏ ပါဝင်ပက်သက်သူများအတွက် ရေရှည်တည်တံ့သော တန်ဖိုး ဖန်တီးခြင်း

## ကျွန်ုပ်တို့၏ ရင်းနှီးမတည်မှုများ

**၄,၆၈၀**
သန်း (အမေရိကန် ဒေါ်လာ)
စုစုပေါင်း တန်ဖိုး

**၅၉.၉**
သန်း (GJ)
စွမ်းအင် သုံးစွဲမှု

**၁၁.၈**
သန်း (တန်)
ကုန်ကြမ်းပစ္စည်း သုံးစွဲမှု

**၆၀.၃**
သန်း (ကုဗမီတာ)
ရေထုတ်ယူ သုံးစွဲမှု

**၃၀.၄၃**
ဝန်ထမ်းတစ်ဦးစီအလိုက်
သင်တန်းတက်ရောက်သည့်
နာရီများ

**၁၇၃.၆၀**
အမေရိကန်ဒေါ်လာ
ဝန်ထမ်းတစ်ဦးစီအလိုက်
သင်တန်းပေးရန်
ကုန်ကျစရိတ်

**၁၅,၂၂၁**
အမြဲတမ်း ဝန်ထမ်း ဦးရေ

**၂.၂၅**
သန်း (အမေရိကန် ဒေါ်လာ)
CSR (ကော်ပိုရိတ် လူမှု
တာဝန်ယူမှု) တွင်ထည့်ဝင်မှု

## ကျွန်ုပ်တို့၏ စီးပွားရေးပုံစံ

### မျှော်မှန်းချက်

လူမှုအသိုင်းအဝိုင်းအတွက် ကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်း ဓာတုပစ္စည်း ကုမ္ပဏီတစ်ခု ဖြစ်လာရန်

### ရည်မှန်းချက်

ကျွန်ုပ်တို့သည် လုပ်ငန်းနယ်ပယ်အတွင်း တာဝန်ယူမှုရှိသော ဦးဆောင်သူ ဖြစ်လာရန်၊ ကျွန်ုပ်တို့၏ ကောင်းမွန်သော အဖွဲ့ဝင်များ၊ လုပ်ငန်းစဉ်များနှင့် နည်းပညာများကို မြှင့်တင်၍ ပါဝင်ပက်သက်သူများအတွက် တန်ဖိုးတစ်ရပ် ဖန်တီးပေးနိုင်ရန် သန္နိဋ္ဌာန်ချထားပါသည်။

INDORAMA VENTURES

### တန်ဖိုးများ

- ဝယ်ယူသူများသည် ကျွန်ုပ်တို့ရှိနေရသည့် အကြောင်းအရင်း ဖြစ်ပါသည်
- ကျွန်ုပ်တို့၏ အဖွဲ့ဝင်များသည် ခြားနားမှုများကို ပြုလုပ်နိုင်ပါသည်။
- ကျွန်ုပ်တို့သည် အပြောင်းအလဲကို အခွင့်အလမ်းအဖြစ် မြင်ပါသည်။
- လူတန်းစားစုံလင်မှုသည် ကျွန်ုပ်တို့အတွက် ခွန်အား ဖြစ်ပါသည်။
- ကျွန်ုပ်တို့သည် တာဝန်သိသောသူများ ဖြစ်ပါသည်။

**၃၁** နိုင်ငံများ
**၉၃** လုပ်ငန်းနေရာများ
**၅** တိုက်များ
**၅** လုပ်ငန်းကဏ္ဍများ
**၁၅** သုတေသန စင်တာများ

## ကျွန်ုပ်တို့၏ ရလဒ်များ

**၁၀,၇၄၁**
သန်း (အမေရိကန် ဒေါ်လာ)
စုစုပေါင်း ဝင်ငွေ

**၇၈၉**
သန်း (အမေရိကန် ဒေါ်လာ)
ပင်မ အသားတင် အမြတ်ငွေ

**၁၁.၃၄**
သန်း (တန်)
စုစုပေါင်း ထုတ်လုပ်မှု
(ကုမ္ပဏီများကြား
ရောင်းချရမှုများ အပါအဝင်)

**၈၆.၀၁%**
ဝယ်ယူသူများ၏
စိတ်ကျေနပ်မှုညွှန်းကိန်း

**၂၃%**
ရှင်သန်မှု ညွှန်းကိန်း
ဖိုက်ဘာ လုပ်ငန်း

**၃၃%**
ရှင်သန်မှု ညွှန်းကိန်း
PET HVA လုပ်ငန်း

**၀.၅၂၂**
ထုတ်ကုန် တစ်တန်လျှင်
ကာဗွန်ထုတ်လွှတ်မှု (တန်)

**၂.၇၅**
သန်း (GJ)
ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်

**၃.၈၅**
ဝန်ထမ်းများ တက်ကြွစွာ
ပါဝင်လုပ်ဆောင်မှု ရမှတ်

**၀**
အသက်သေဆုံးမှု

**၃၅၀,၉၀၃**
ပြန်လည် ထုတ်လုပ်ခဲ့သော
PET တန်ချိန်

**LTIFR = ၃.၇၁**
အလုပ်ချိန် နာရီ ၁,၀၀၀,၀၀၀
လျှင် ဖြစ်စဉ်များ ဖြစ်ပွားမှု

# ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးဆိုင်ရာ ထင်ရှားမှုများ

ကျွန်ုပ်တို့သည် တစ်နှစ်ထက်တစ်နှစ် EBITDA တိုးတက်မှု ၄၄% အထိရယူနိုင်ခဲ့ပြီး လွန်ခဲ့သည့် လေးနှစ်အတွင်း ကျွန်ုပ်တို့၏ EBITDA ကို ၂၅၀% ကျော် မြှင့်တင်နိုင်ခဲ့ပါသည်။


**ဝင်ငွေ**
**၁၀.၇ ဘီလီယံဒေါ်လာ**
+၂၇ % YoY

**လုပ်ငန်းဆိုင်ရာ ငွေကြေးစီးဆင်းမှု**
**၉၈၉ သန်းဒေါ်လာ**
+၁၆ % YoY

**ရှယ်ယာတစ်စုစီ ရငွေ**
**၄.၆၁ ထိုင်းဘတ်**
+၁၆ % YoY

**ပင်မ EBITDA**
**၁.၄ ဘီလီယံဒေါ်လာ**
+၄၄ % YoY

**ပင်မအသားတင်အမြတ် အခွန်နှင့် NCI နုတ်ပြီး**
**၇၈၉ သန်းဒေါ်လာ**
+၇၂ % YoY




ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ

# ပြင်ပ အသိအမှတ်ပြုမှုများ

MEMBER OF
Dow Jones Sustainability Indices
In Collaboration with RobecoSAM

- ၂၀၁၈ ခုနှစ် DJSI ဓာတုဗေဒ နယ်ပယ်မှ ထွက်ပေါ်လာသော ဈေးကွက်များ၏ အသင်းဝင်
- တစ်ကမ္ဘာလုံးမှ ဓာတုဗေဒ ကုမ္ပဏီများ အနက် ထိပ်ဆုံး ၁၀ ခု စာရင်းဝင်

FTSE4Good

- FTSE4Good Index Series သတ်မှတ်ချက်တွင် အကောင်းဆုံး ESG ရမှတ်

၂၀၁၈ ခုနှစ်တွင် လုပ်ငန်းစု တစ်ခုလုံး၏ ရာနှုန်းပြည့်

CDP
DRIVING SUSTAINABLE ECONOMIES

- ၂၀၁၈ ရာသီဥတု ပြောင်းလဲမှု စံနှုန်း: B
- ၂၀၁၈ ကုန်ပစ္စည်း ကွင်းဆက် စံနှုန်း: B-

GOLD 2019 ecovadis CSR Rating

- ရွှေအဆင့် အသိအမှတ်ပြု
- အခန်းကဏ္ဍအားလုံးရှိ ထုတ်ကုန်ပံ့ပိုးသူများ၏ ထိပ်သီး ၃% တွင် ပါဝင်

Bloomberg

အကောင်းဆုံး ESG ဖွင့်ဟရှင်းလင်းခြင်း ရမှတ် ၂၀၁၈ ခုနှစ်တွင်

MSCI

ESG စံနှုန်း: BB

SUSTAINALYTICS

၂၀၁၈
ESG
ဖွင့်ဟရှင်းလင်းချက်များ

SET
The Stock Exchange of Thailand

ထိုင်းနိုင်ငံ၏ စတော့အိတ်ချိန်း
- SET ရေရှည်တည်တံ့နိုင်စွမ်း ၂၀၁၈ ခုနှစ် ထူးချွန်ဆု
- ထိုင်းနိုင်ငံ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှု ၂၀၁၈

ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ

# ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ပန်းတိုင်များ (SDGs) နှင့် IVL

လုပ်ငန်းသဘောသဘာဝကို ထည့်သွင်းစဉ်းစား၍ IVL သည် အောက်ဖော်ပြပါ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ပန်းတိုင်များကို ရရှိနိုင်ရန် ပါဝင်ကူညီရမည့် အခန်းကဏ္ဍများကို လုပ်ဆောင်သွားပါမည်။ အရောင်အပြည့်ခြယ်ထားသော ပန်းတိုင်များသည် လုပ်ငန်းလုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုကို တိုက်ရိုက်ခံစားရပြီး IVLမှ အောင်မြင်မှုရရန် ထက်သန်စွာ ထောက်ပံ့လိုပါသည်။ အရောင်မှိန်သော ပန်းတိုင်များသည် လုပ်ငန်း လှုပ်ရှားမှု၏ အကျိုးသက်ရောက်မှုကို သွယ်ဝိုက်ခံစားရပြီး IVL မှ အမြဲစောင့်ကြည့်နေပါသည်။

*** = ပြင်းထန်
** = အသင့်အတင့်
* = စောင့်ကြည့်ရန်

**၃** ***
ကျွန်ုပ်တို့၏ ထုတ်ကုန်၊ ဝန်ထမ်းများနှင့်ကန်ထရိုက်တာများ၏ ကျန်းမာရေးနှင့် လုံခြုံရေးအား အာမခံခြင်း

**၄** ***
ဝန်ထမ်းများအားလုံးအတွက် သင်ယူနိုင်ရန်နှင့် တိုးတက်မှု အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် လူထုအတွက် ပြန်၍သန့်စင်အသုံးပြုမှု ပညာပေးခြင်း

**၅** *
ကျား/မ တန်းတူညီမျှရေးနှင့် ကဏ္ဍအစုံတွင်အမျိုးသမီးများ ပါဝင်နိုင်မှုနှင့် တိုးတက်နိုင်မှုတို့ကို ထောက်ခံခြင်း

**၇** *
ဖြစ်နိုင်ပါက လျှပ်စစ်မီးကို ပြန်လည်ပြည့်ဖြိုးမြဲ ရင်းမြစ်များမှ ရယူ သုံးစွဲခြင်းကို မြှင့်တင်ခြင်း

**၆** **
ရေရှည်တည်တံ့သော ရေအသုံးပြုမှု စီမံခန့်ခွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေပြဿနာအား ခွဲခြမ်းစိတ်ဖြာပြီး ပြေလျော့စေမည့် လှုပ်ရှားမှု အစီအစဉ်များဆွဲခြင်း




**၈** **
သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင်၊ သာတူညီမျှမှုနှင့် ကျွန်ုပ်တို့လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှုမရှိအောင် ဆောင်ရွက်ပေးထားခြင်း

**၁၂** ***
ကျွန်ုပ်တို့၏ ထုတ်ကုန်များအား အသုံးပြုနေစဉ် အကျိုးသက်ရောက်မှုများကို လျော့ချပြီး ပြန်လည် သန့်စင် အသုံးပြုနိုင်မည့် နည်းလမ်းများကို မြှင့်တင်ခြင်း

**၁၃** ***
ရင်းမြစ်သုံးစွဲမှုများ တိုးတက်စေရေး၊ စွမ်းအင်ထိရောက်စွာ သုံးစွဲမှုနှင့် ကာဗွန်နည်းနည်းသာ ထုတ်လွှတ်နိုင်မည့် ခိုင်မာသော မဟာဗျူဟာများ ဖော်ဆောင်ရေး

**၁၄** ***
တွေးခေါ်ပုံတူညီသော အဖွဲ့အစည်းများနှင့် သမုဒ္ဒရာထဲရှိ အမှိုက်များကို ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ခြင်း

**၁၅** ***
ကျွန်ုပ်တို့၏ လုပ်ငန်းများအနီး စောင့်ကြည့်နေခြင်းဖြင့် ပြင်းထန်သော ရာသီဥတုဒဏ် အကျိုးဆက်ခံစားရမှုကို လျော့ချခြင်း

**၁၇** ***
စက်ဝိုင်းပုံ စီးပွားရေးအတွင်း ကျွန်ုပ်တို့၏ ပါဝင်ကြိုးပမ်းမှုကို ပိုမိုမြင့်တက်စေရန် အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ခြင်း

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# ကော်ပိုရိတ် အုပ်ချုပ်မှု

ကျွန်ုပ်တို့၏ ကမ္ဘာအနှံ့ရှိ လုပ်ငန်းများအားလုံးသည် ကျင့်ဝတ်နှင့်ညီကာ ပွင့်လင်းမြင်သာမှုရှိပြီး လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက် ခြစားမှု ကင်းစေရန် သန္နိဋ္ဌာန်ချထားပါသည်။

IVLအားကော်ပိုရိတ် အုပ်ချုပ်ရေး စည်းမျဉ်းများအရ ကုန်ပစ္စည်းဆိုင်ရာ လိုက်နာမှု-မရှိခြင်းများအတွက် ဒဏ်ခတ်ခံရခြင်းများ ၂၀၁၈ ခုနှစ်တွင် မရှိခဲ့ပါ။

ကျွန်ုပ်တို့သည် နိုင်ငံရေးဆိုင်ရာ ကိစ္စများတွင် လုံးဝ ပါဝင်ပက်သက်မှုမရှိပါ။ IVL နှင့် လုပ်ငန်းခွဲများမှ နိုင်ငံရေးအရ လှူဒါန်းခြင်း သို့မဟုတ် ပါဝင်ထည့်သွင်းခြင်းများ ၂၀၁၈ ခုနှစ်တွင် မပြုလုပ်ခဲ့ပါ။

## သတင်းပေးသူမူဝါဒ

IVL တွင်သတင်းပေးခြင်းနှင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အမည်မသိ တိုင်ကြားစာများအား မှန်မှန်ကန်ကန် ဖြေရှင်းရန် တင်ပြရမည့်လမ်းကြောင်းများအတွက် သတင်းအချက်အလက်များ ထောက်ပံ့ပေးသည့် သတင်းပေးသူ မူဝါဒရှိပါသည်။ ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ပြင်ပပါတီများသို့ ဆက်သွယ်နိုင်မည့် များပြားသော ဆက်သွယ်ရေးလမ်းကြောင်းများလည်း ရှိပြီး သူတို့သည် သတင်းပေးဆိုင်ရာ ကော်မတီ သို့မဟုတ် ဒါရိုက်တာများသို့ အကြောင်းကြားခြင်း အပါအဝင် ethics@indorama.net နှင့် independentdirectors@indorama.net သို့တိုင်ကြားသူ၏ အကြောင်းအရာများကို မဖော်ပြပဲ ပေးပို့နိုင်ပါသည်။

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

## အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး

ကုမ္ပဏီသည် မေလ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ ပုဂ္ဂလိကကဏ္ဍ အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေး စုပေါင်းလှုပ်ရှားမှု (CAC) မှ အသိအမှတ်ပြု လက်မှတ်ကို အောင်မြင်စွာ လဲလှယ်နိုင်ခဲ့ပါသည်။

(IVL သည် ပထမဆုံး အသိအမှတ်ပြုလက်မှတ်ကို အောက်တိုဘာလ ၂၀၁၄ ခုနှစ်တွင် ရရှိခဲ့ပါသည်။)

## ကော်ပိုရိတ်အုပ်ချုပ်မှု အကဲဖြတ်ခြင်း

ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ဘုတ်အဖွဲ့ အကဲဖြတ်ခြင်းကို ပထမဆုံး အကြိမ်အဖြစ် ပြင်ပကျွမ်းကျင်သူများအဖွဲ့ (IOD) နှင့်လုပ်ဆောင်ခဲ့ပြီး ရှာဖွေတွေ့ရှိချက်များအရ IVL သည်ရေရှည်တည်တံ့နိုင်စွမ်း မြင့်မားသော တွေးခေါ်မှုနှင့် ကြံ့ခိုင်သော အုပ်ချုပ်မှုပုံစံရှိကြောင်း တွေ့ခဲ့ရပါသည်။

ထိုင်းနိုင်ငံတွင် စာရင်းသွင်းထားသော ကုမ္ပဏီများ၏ ကော်ပိုရိတ် အုပ်ချုပ်မှု အလေ့အကျင့်များ လုပ်ဆောင်ရာတွင် CG အတွက် အလွန်ကောင်းမွန်သော ကြယ်ငါးပွင့် ရမှတ် ရရှိ


# ဝယ်ယူသူများနှင့် ဆက်ဆံရေးအား စီမံခန့်ခွဲမှု

ကျွန်ုပ်တို့၏ ရပ်တည်မှုအား ထိန်းသိမ်းထားရန်နှင့် အပြောင်းအလဲမရှိ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို မောင်းနှင်နိုင်ရန် ကောင်းမွန်သည့် ဝယ်ယူသူများနှင့် ဆက်ဆံရေးအား စီမံခန့်ခွဲမှု (CRM) သည် ကျွန်ုပ်တို့၏ ရေရှည်အောင်မြင်ရေးအတွက် ပေါင်းစပ် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဝယ်ယူသူများနှင့် ချိတ်ဆက်ထိတွေ့ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အားအတွက် သော့ချက်ဖြစ်ပြီး ရေရှည်တည်တံ့ရေး မဟာဗျူဟာအတွက် လည်း အရေးပါသော အစိတ်အပိုင်း ဖြစ်ပါသည်။

ဝယ်ယူသူများ စိတ်ကျေနပ်မှုကို တိုင်းတာခြင်းသည် ကျွန်ုပ်တို့ထံမှ ဝယ်ယူသူများ၏ လက်ရှိနှင့် အနာဂါတ်လိုအပ်ချက်များအပြင် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ် သူတို့၏ စိတ်ကျေနပ်မှုအနေအထားကိုပါ ကျွန်ုပ်တို့အတွက် နားလည်မှု ရစေနိုင်ပါသည်။ ဤအချက်သည် သူတို့ထံမှ ဝယ်ယူသူများ၏ အနာဂါတ်စီမံကိန်းများကို ကြိုတင်မှန်းဆနိုင်ရန် ကျွန်ုပ်တို့အား ကူညီပေးပါသည်။

## ဝယ်ယူသူများ စိတ်ကျေနပ်မှု ညွှန်းကိန်း(CSI) နှင့် ဝယ်ယူသူများအား ထိန်းသိမ်းနိုင်မှုနှုန်း(CRR)

| IVL CRR | ပျမ်းမျှ CSI |
|---|---|
| ၉၃% | ၈၆.ဝ၁% |




| ပစ်မှတ် IVL ၂၀၁၉ ခုနှစ် ပျမ်းမျှ CSI | ပြီးခဲ့သည့် နှစ်ထက် သာလွန် သို့မဟုတ် တူညီ |
|---|---|

တစ်ကမ္ဘာလုံးရှိ လုပ်ငန်းများအား

၁၀၀%

ခြုံငုံ၍ တွက်ချက်ထားသော ဝယ်ယူသူများ၏ စိတ်ကျေနပ်မှု

မှတ်ချက်:စုစုပေါင်း ဝင်ငွေ၏ ရာခိုင်နှုန်းအလိုက် ဝယ်ယူသူများအား ထိန်းသိမ်းနိုင်မှုနှုန်း (CRR) အတွက် ခြုံငုံ ရမှတ်များ

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# ဆန်းသစ်တီထွင်ခြင်း စီမံခန့်ခွဲမှု



ဆန်းသစ်တီထွင်ခြင်း စီမံခန့်ခွဲမှုသည် ထုတ်ကုန်သစ်များနှင့်ရှိပြီးသော ထုတ်ကုန်များ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် လိုအပ်ချက်များနှင့် ကိုက်ညီပြီး ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မထိခိုက်စေရေး လမ်းညွှန်ချက်၊ စည်းမျဉ်း၊ မူဝါဒများနှင့်အညီ ပြုလုပ်ခြင်းနှင့်စွမ်းဆောင်ရည် တိုးမြှင့်ခြင်းအတွက် အာရုံစိုက်ပါသည်။

IVL သည် အလျင်အမြန်ပြောင်းလဲနေသော ဈေးကွက်လိုအပ်ချက်များ၊ တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြီးမားသော အပြောင်းအလဲများနှင့် အမီလိုက်နိုင်ရန် အပါအဝင် SDGs (ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ပန်းတိုင်များ) ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဝယ်ယူသူများနှင့် နီးကပ်စွာ လက်တွဲလုပ်ဆောင်ပါသည်။

## ရှင်သန်မှု ညွှန်းကိန်း

ဇိုင်ဘာမျှင် လုပ်ငန်း ၂၃%

၂၀၁၈ ခုနှစ်ပစ်မှတ် > ၂၀%

PET HVA လုပ်ငန်း ၃၃%

၂၀၁၈ ခုနှစ်ပစ်မှတ် = ၃၃%

| ၂၀၁၉ ခုနှစ်အတွက် ရှင်သန်မှု ညွှန်းကိန်း ပစ်မှတ် | ၂၁% ဇိုင်ဘာမျှင် လုပ်ငန်း | ၃၄% PET HVA လုပ်ငန်း |
|---|---|---|







ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ

# ထုတ်ကုန် ကြီးကြပ်ရေး




IVL ၏ ထုတ်ကုန်ကြီးကြပ်ရေးသည် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများသည် အသုံးပြုရန် ရည်ညွှန်းထားသည့်အတိုင်း အသုံးပြုပါက လူ့ကျန်းမာရေး ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်စေတို့အတွက် အန္တရာယ်မရှိမှု သေချာစေရန်နှင့် အသုံးပြုသည့် ရင်းမြစ်များနှင့် ကုန်ကြမ်းပစ္စည်းများ လျှော့ချနိုင်မည့် အခွင့်အလမ်းများကို ဖော်ထုတ်ခြင်းဖြင့် တန်ဖိုးများ မြှင့်တင်နိုင်ရန် ကုမ္ပဏီတစ်ခွင်တွင် တက်ကြွစွာ ပူးပေါင်း ထိတွေ့မှုရှိစေရန် မူဘောင်ချမှတ်ပေးပါသည်။

| | |
|---|---|
| ၂၀၁၈ ခုနှစ် ကမ္ဘာ့အနှံ့ LCA ခြုံလွှမ်းမှု | ၆၅% |
| ပစ်မှတ် ၂၀၂၀တွင် ရှိရမည့် ကမ္ဘာ့အနှံ့ LCA ခြုံလွှမ်းမှု | ၉၅% |

## ရေရှည်တည်တံ့သော ထုတ်ကုန်များ အမျိုးအစားခွဲခြင်း

ကျွန်ုပ်တို့သည် ထုတ်ကုန်အမျိုးအစားခွဲခြင်းကို လုပ်ဆောင်လျက်ရှိပါသည်။ ဤသို့အမျိုးအစားခွဲခြင်းဖြင့် ကျွန်ုပ်တို့အား ကုန်ပစ္စည်း အဆင့်ဆင့်ကို သတ်မှတ်နိုင်ရန် စွမ်းဆောင်နိုင်စေသည့်အတွက် ထုတ်ကုန် ဒီဇိုင်း၊ ထုတ်လုပ်မှု၊ ကုန်ကြမ်းပစ္စည်း၊ သယ်ယူပို့ဆောင်ရေးနှင့် တန်ဖိုးကွင်းဆက်တို့ကို ပိုမိုတိုးတက်ကောင်းမွန်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းအပေါ် သက်ရောက်စေသည့် အဆုံးသတ် အကျိုးဆက်များကို လျှော့ချနိုင်မည့်အပြင် ကျွန်ုပ်တို့၏ ရေရှည်တည်တံ့သော ထုတ်ကုန်အစုစု၏ ရှင်းလင်းသော ရုပ်တည်မှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါ အမျိုးအစားခွဲခြင်းကို ၂၀၂၀ခုနှစ်တွင် အပြီးသတ်နိုင်ရန် ပစ်မှတ်ထားပါသည်။




## သက်တမ်းစက်ဝန်း အကဲဖြတ်လေ့လာမှု (LCA)


အာရှတိုက်ရှိ စက်ရုံများအားလုံး (၂၀၁၈ ခုနှစ်အတွင်း အသစ်ဝယ်ယူမှုများမှ လွဲ၍)နှင့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများမှ စက်ရုံအချို့အား ISO 14040/44:2006 နှင့်အညီ LCAs များစစ်ဆေးပြီးစီးခဲ့ပြီး ကျွန်ုပ်တို့ ကုန်ထုတ်လုပ်မှုပမာဏ၏ ၆၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ အခြားသော ဒေသများမှ ကျွန်ုပ်တို့၏ ကျန်ရှိသော လုပ်ငန်းများအားလုံးကိုလည်း LCAs လုပ်ဆောင်ရန် စီစဉ်ထားပါသည်။

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# ပြန်လည်သန့်စင်အသုံးပြုခြင်း

PET – ပြန်လည်သန့်စင်အသုံးပြုခြင်း – PET ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ သဘာဝပတ်ဝန်းကျင်သို့ စွန့်ပစ်ခြင်းအား လျှော့ချရန်နှင့် သဘာဝသယံဇာတ ရင်းမြစ်များအား ထိန်းသိမ်းရန် ပြန်လည်အသက်သွင်း အသုံးပြုခြင်း။

*တစ်ကမ္ဘာလုံးဆိုင်ရာ ပြန်လည်အသုံးပြုခြင်း ဖော်ဆောင်ရန် ပစ်မှတ် စားသုံးသူများ သုံးစွဲပြီးသော PET ပစ္စည်းများ ပစ်မှတ် ပမာဏ ၇၅၀,၀၀၀ တန် အား ၂၀၂၅ ခုနှစ် အရောက်တွင် ကျွန်ုပ်တို့၏ ပိုလီရက်စ်တာ ထုတ်လုပ်ခြင်း၌ ကုန်ကြမ်းပစ္စည်းအဖြစ် ပြန်လည် သန့်စင်အသုံးပြုနိုင်ရန်*




* ပြန်လည် သန့်စင်အသုံးပြုသည့် ပစ္စည်းများ ၃၀ ရာခိုင်နှုန်း ပါဝင်သော rPET ကော်စေး

၂၀၁၁- ၂၀၁၈ ခုနှစ်အတွင်း ပုလင်းပေါင်း ၃၈ သန်းခန့်ကို ပြန်လည် သန့်စင်အသုံးပြုခဲ့ပါသည်။



ကျွန်ုပ်တို့သည် အာရှ၊ ဥရောပနှင့် မြောက်အမေရိက တို့တွင် **PET ပြန်လည်အသုံးပြုခြင်း၌ ဦးဆောင်နေသူများ** ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် စားသုံးသူများ သုံးစွဲပြီးသော PET ပုလင်းများအား ပြန်လည်အသုံးပြုသည့် အရည်အသွေးမြင့် နိုင်လွန်ဖိုင်ဘာ ထုတ်ကုန်များကို ဦးဆောင်ထုတ်လုပ်နေသူ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပြန်လည် အသုံးပြုထားသည့်အရာများ ပါဝင်သည့် (အရည်ဖျော် ရောစပ်သည့် နည်းပညာ) PET ကော်စေးများကို တစ်ကမ္ဘာလုံးတွင် ဦးဆောင် ထုတ်လုပ်နေသူ ဖြစ်ပါသည်။

### စက်ကိရိယာဖြင့် ပြန်လည်အသုံးပြုနိုင်အောင် ပြောင်းလဲခြင်း

- စဉ်ဆက်မပြတ် တိုးချဲ့ခြင်း - ၂၀၁၈ ခုနှစ်တွင် Sorepla ကုမ္ပဏီအား ရယူခြင်း


### ဓာတုဗေဒနည်းဖြင့် ပြန်လည်အသုံးပြုနိုင်အောင် ပြောင်းလဲခြင်း

- Unilever နှင့် Ioniqa တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်
- Loop Industries နှင့်အတူ ပူးပေါင်းဆောင်ရွက်


ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု


ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု စုစုပေါင်း - နယ်ပယ် ၁ နှင့် ၂




ဖန်လုံအိမ်ဓာတ်ငွေ့ တိုက်ရိုက် ထုတ်လွှတ်မှု - နယ်ပယ် ၁




ဖန်လုံအိမ်ဓာတ်ငွေ့ သွယ်ဝိုက် ထုတ်လွှတ်မှု - နယ်ပယ် ၂




ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုံးစွဲမှု အကျိုးသက်ရောက်မှုတို့ကို အန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်စီမံခန့်ခွဲပြီး အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများရှိသည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။

*၂၀၂၀ ခုနှစ်အတွက် ပစ်မှတ် နယ်ပယ် ၁ နှင့် ၂ မှ စုပေါင်း ပြင်းအား ညွှန်းကိန်းကို ၂၀၁၃ ခုနှစ် ရလဒ်အဆင့်သို့ လျှော့ချရန်*

**၆%**


IVL ၏ဖန်လုံအိမ် ဓာတ်ငွေ့ နယ်ပယ် ၁ နှင့် ၂ မှ ထုတ်လွှတ်မှုများကို ပြင်ပ စစ်ဆေးရေးမှူးမှ စစ်ဆေး အတည်ပြုပြီး ဖြစ်ပါသည်။ (ISO 14064-1 နှင့် ISO 14064-3 တို့နှင့် အညီ)

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# စွမ်းအင်


စွမ်းအင်သုံးစွဲမှု ထိရောက်ခြင်းသည် ကျွန်ုပ်တို့အား စွမ်းအင်ကုန်ကျစရိတ်ကို လျှော့ချခြင်းဖြင့် ပိုမိုပြိုင်ဆိုင်နိုင်စေခြင်းအပြင် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်ရာတွင်လည်း အကူအညီပေးသောကြောင့် ကျွန်ုပ်တို့၏ စွမ်းအင်ကို ထိရောက်စွာ သုံးစွဲခြင်းအပေါ် အာရုံစိုက်မှုသည် အဆက်မပြတ် ပိုမိုမြင့်တက်လာခဲ့ပါသည်။ ယခု လက်ရှိတွင်လည်း ကျွန်ုပ်တို့သည် စွမ်းအင်လျှော့ချသည့် စီမံကိန်း အများအပြားကို လုပ်ဆောင်လျက်ရှိပါသည်။

**စုစုပေါင်း စွမ်းအင် အသုံးပြုမှု**




**ကျွန်ုပ်တို့၏ စက်ရုံ ၃ ရုံ , လစ်သူရေးနီးယားရှိ Orion Global Pet, စပိန်နိုင်ငံရှိ Indorama Ventures Quimica နှင့် အိုင်ယာလန်နိုင်ငံရှိ Wellman International တို့တွင် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ၁၀၀% ရာနှုန်းပြည့် အသုံးချနေပါသည်။** ထိုင်းနိုင်ငံ Lopburi မြို့ရှိ Indorama Holdings သဘာဝပတ်ဝန်းကျင်အား မထိခိုက်သော ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်ရန် ၅ မီဂါဝပ် ထုတ်နိုင်သည့် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်စက်ကို တပ်ဆင်ခဲ့ပါသည်။ IVL သည်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချမှုကို မြှင့်တင်နိုင်မည့် ဖြစ်နိုင်ချေများအားလုံးကို ရှာဖွေနေပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှု စုစုပေါင်း**





ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ


# ရေနှင့် ပက်သက်၍ စီမံခန့်ခွဲခြင်း

IVL သည် ကျွန်ုပ်တို့ လုပ်ငန်းများ လည်ပတ်နေရာနိုင်ငံများအားလုံးမှ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ပို၍ သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော ရေအသုံးချမှု စီမံခန့်ခွဲခြင်း (ရေထုတ်ယူခြင်းနှင့် စွန့်ပစ်ခြင်း အပါအဝင်) ကိုလုပ်ဆောင်ပြီး ကျွန်ုပ်တို့၏ တန်ဖိုးများနှင့်အညီ ဦးဆောင်မှုများ၊ တာဝန်ယူမှုများတွင် ရှေ့မှပြေး၍ ကြိုတင် ပြင်ဆင်ထားရန် သန္နိဋ္ဌာန် ချထားပါသည်။

### စုစုပေါင်း ရေထုတ်ယူမှု




### ရေပြန်လည်သန့်စင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း




| ၂၀၁၉ ခုနှစ်အတွက် ရေထုတ်ယူမှု ပြင်းအား ညွှန်းကိန်း | ယခင်နှစ်ထက် ပိုကောင်းသော သို့မဟုတ် တူညီသော |
|---|---|


ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

ကျွန်ုပ်တို့သည် စွန့်ပစ်ပစ္စည်းများကို တာဝန်သိသိနှင့် စီမံခန့်ခွဲပြီး ဖြစ်နိုင်ပါက စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များကိုပါ သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပါသည်။


| ပစ်မှတ် | |
|---|---|
| ၂၀၁၉ ခုနှစ် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း ထွက်ရှိမှု ပြင်းအား | ယခင်နှစ်ထက် ပိုကောင်းရန် သို့မဟုတ် ညီမျှရန် |

**စုစုပေါင်း အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း**




- အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စုစုပေါင်း (တန်)
- စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပြင်းအား ညွှန်းကိန်း (တန်/ကုန်ထုတ် တန်ချိန်)

**စုစုပေါင်း ထွက်ရှိသော၊ စွန့်ပစ်သော၊ ပြန်လည် အသုံးပြုသော၊ ပြန်လည် သန့်စင်ပြီး အသုံးပြုသော စွန့်ပစ်ပစ္စည်း**




- ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏ စုစုပေါင်း (တန်)
- စွန့်ပစ်သော အမှိုက်ပမာဏ စုစုပေါင်း(ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏ စုစုပေါင်း၏ ရာခိုင်နှုန်း)
- ပြန်လည်အသုံးပြုသော၊ ပြန်လည် သန့်စင်ပြီး အသုံးပြုသော စွန့်ပစ်ပစ္စည်းပမာဏ စုစုပေါင်း(ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏ စုစုပေါင်း၏ ရာခိုင်နှုန်း)


ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံရေး


၃၁ ရက် ဒီဇင်ဘာလ ၂၀၁၈ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းသော လုပ်ငန်းများတွင် OHSAS 18001/ISO 45001 လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံရေး စီမံခန့်ခွဲရေးစနစ် အသိအမှတ်ပြုခြင်းများ ရရှိထားပြီး ဖြစ်ပါသည်။

၂၀၁၈ခုနှစ်အတွင်း မှတ်တမ်းတင်နိုင်သော သာမန်ထိခိုက်ဒဏ်ရာရခြင်းနှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်း ဖြစ်စဉ်အရေအတွက် စုစုပေါင်းသည် ၂၀၁၇ ခုနှစ်၏ ဖြစ်စဉ်များထက်ပိုများနေခဲ့ပြီး ထိုသို့ဖြစ်ရသည့်အကြောင်းရင်းမှာ ၂၀၁၈ ခုနှစ်တွင် ဝယ်ယူခဲ့ပြီး လူအင်အား အများအပြားအသုံးပြုရသည့် အချို့သော လုပ်ငန်းခွင်များ၌ မတော်တဆမှုများ မြင့်မားသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုနှင့် အလေ့အကျင့်များကို ကြပ်မတ်လိုက်နာစေခြင်းသည် ၂၀၁၈ ခုနှစ်အတွင်း အဆိုပါ လုပ်ငန်းခွင်များရှိ ထိခိုက်ဒဏ်ရာရမှုများကို လျော့ကျစေနိုင်မည့် သော့ချက်ဖြစ်ပါသည်။

**စုစုပေါင်း မှတ်တမ်းတင်နိုင်သော သာမန်ထိခိုက်ဒဏ်ရာရမှု နှုန်း (TRIR)**
(ဖြစ်စဉ်များ / အလုပ်ချိန် နာရီ ၂၀၀,၀၀၀)




**ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရမှု ဖြစ်ပွားကြိမ်နှုန်းထား(LTIFR)**
(ဖြစ်စဉ်များ/ အလုပ်ချိန် နာရီ ၁,၀၀၀,၀၀၀)




*ပစ်မှတ် TRIR နှင့် LTIFR ကို ယခင်နှစ်ထက် ပိုနည်းစေရေး*

**၂%**

## သေဆုံးမှု

**ပစ်မှတ်**

သေဆုံးမှု မရှိ

**၂၀၁၈ ခုနှစ် အောင်မြင်မှု**

သေဆုံးမှု မရှိ

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# လူသား ရင်းမြစ်


**၁၅,၂၂၁**
အမြဲတမ်း ဝန်ထမ်းများ

**၈၈**
*မသန်စွမ်းမှု ခံစားနေရသော ဝန်ထမ်းများ*

**၂၁.၅၃%**
အမျိုးသမီး


**၇၄**
လူမျိုးများ

**၉၄.၀၁%**
ထိန်းသိမ်းထားနှုန်း




* လုပ်ငန်းလည်ပတ်မှုတွင် ထိန်းချုပ်မှုမရယူထားသော ဖက်စပ်လုပ်ငန်းများ မပါဝင်ပါ

ယဉ်ကျေးမှု-ပေါင်းစုံ နောက်ခံများ၊ ကွဲပြားသော ခံယူချက်များနှင့် ဘာသာစကားတို့နှင့် စိတ်အား ထက်သန်သော ကမ္ဘာအနှံ့မှ ဝန်ထမ်းများသည် ကျွန်ုပ်တို့အား ဉာဏ်စွမ်းဉာဏ်စ စုံလင်မှု ရှိစေပြီး စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲပစ်ရာတွင် အကူအညီ ပေးပါသည်။ ရေရှည်တည်တံ့မှုကို ခိုင်မြဲသေချာစေရန် ကျွန်ုပ်တို့၏ ဝန်ထမ်းများတွင် အနှစ်သာရရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး သူတို့၏ ကျွမ်းကျင်မှု၊ ဗဟုသုတနှင့် အတွေ့အကြုံတို့ကို မြှင့်တင်ပေးရန် အာရုံစိုက်ထားပါသည်။




ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ


# တစ်ကမ္ဘာလုံးမှ ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှု

၂၀၁၈ခုနှစ်တွင် ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှု ရမှတ်သည် ၂၀၁၇ ခုနှစ် ရမှတ် ၃.၈၃ မှ ၃.၈၅ သို့တိုးတက်ခဲ့သည်။

| ပစ်မှတ် ၂၀၁၉ ခုနှစ်အတွက် ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှု ရမှတ် | ယခင်နှစ်ထက် ပိုကောင်းရန် သို့မဟုတ် ညီမျှရန် |
| --- | --- |


## ၉၃.၄၃%

*ကမ္ဘာလုံးဆိုင်ရာ ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှု စစ်တမ်းကောက်ခံခြင်းတွင် ပါဝင်မှု*




## ၃.၈၅

*ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှု ရမှတ်*




ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# အတွေ့အကြုံနှင့် သင်ယူခြင်း



## တစ်ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်

IVLDP၊ ကျွန်ုပ်တို့၏ တစ်ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သည် အနာဂါတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရန် အာရုံစိုက်ထားပါသည်။ စုစုပေါင်း ၁၃၀ ဦး ရှိသော အမှုဆောင်များသည် မိမိကိုယ်ကို-ဆန်းစစ်ခြင်း နှင့် စီးပွားရေးလုပ်ငန်းအား ဆန်းစစ်ခြင်း ကိရိယာများနှင့် ထိတွေ့ရပါသည်။ ပိုမိုအဆင့်မြင့်သော အစီအစဉ်၊ i-Lead အား ဆက်လက်မိတ်ဆက်ခဲ့ပြီး အနာဂါတ် ခေါင်းဆောင်များအတွက် အတွေ့အကြုံနှင့် သင်ယူခြင်း ယဉ်ကျေးမှုကို ဖန်တီးနိုင်ရန် ဒီဇိုင်းဆွဲထားပါသည်။ ထိုအစီအစဉ်အား လုပ်ငန်းစု အလုပ် အမှုဆောင်ချုပ်မှ ဦးစီးပါသည်။ နောက် အစီအစဉ်တစ်ခုဖြစ်သော “v-Lead ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်” အား စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များမှ ဦးစီးပြီး ကဏ္ဍစုံ ကျွမ်းကျင်မှုအား ဖွံ့ဖြိုးစေရန်နှင့် ငယ်ရွယ်၍ ပင်ကိုစွမ်းရည်မြင့် လူငယ်များ သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းများတွင် ထိရောက်စွာ ဦးဆောင်နိုင်သူများအဖြစ် ပျိုးထောင်ပေးရန် ရည်ရွယ်ပါသည်။

**၃၈** ဦး ပါဝင်သူများ
i-Lead ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်

**၂၇** ဦး ပါဝင်သူများ
v-Lead ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်

## တစ်ကမ္ဘာလုံးဆိုင်ရာ Lean Six Sigma (LSS) အစီအစဉ်

၂၀၁၈ ခုနှစ်တွင် ဝန်ထမ်း ၁,၃၇၆ ဦးသည် LSS အစီအစဉ်များ ကို တက်ရောက်ခဲ့ပြီး စီမံကိန်း ၂၅၂ ခုကို လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၂ မှ ၂၀၁၈ ခုနှစ်အတွင်း Six Sigma သင်တန်းချိန် နာရီပေါင်း ၄၃,၉၂၀ ကျော်အား ပြီးမြောက်ခဲ့ပြီး ကုမ္ပဏီအတွက် ချွေတာမှုများမှ အမေရိကန်ဒေါ်လာ ၃၂ သန်းကျော်ရရှိခဲ့သည်။

## အခြား ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ

IVL သည် ကော်ပိုရိတ်ရှုံးခန်းမှ ဝန်ထမ်းများအား ပိုမို ထောက်ပံ့ပေးနိုင်ရန်အတွက် “ဖွံ့ဖြိုးတိုးတက်မှုအား နောက်မှ လေ့လာသင်ယူရေး” အစီအစဉ်ကို ပြုလုပ်ပေးပါသည်။ ဤကိုးလကြာ အစီအစဉ်အား Indorama Ventures နှင့် Sasin စီမံခန့်ခွဲရေးကျောင်းတို့မှ ပူးပေါင်း ဖန်တီးခဲ့ခြင်းဖြစ်ပြီး ရှိးရာ စာသင်ခန်း အပြင်အဆင်၊ လုပ်ငန်းများအား လည်ပတ် လေ့လာခြင်း၊ စီမံကိန်းများနှင့် အချင်းချင်းပြန်လှန်သင်ကြားခြင်း တို့ကို ထူးခြားစွာ ရေမွှေလေ့လာရပါသည်။ အလားအလာ မြင့်မားသော စီမံခန့်ခွဲသူ စုစုပေါင်း ၁၈ ဦးသည် ဤ အစီအစဉ်တွင် ပါဝင်ခဲ့ပြီး ဒေသခံ ဝန်ထမ်းများကို ထိရောက်စွာ တိုးတက်စေပြီး အထောက်အကူလည်း ပြုပါသည်။

**၁၃၇၆** ဦး ပါဝင်သူများ
LSS အစီအစဉ်

**၁၈** ဦး ပါဝင်သူများ
ဖွံ့ဖြိုးတိုးတက်မှုအား နောက်မှ လေ့လာသင်ယူရေး အစီအစဉ်



**၁၇၃.၆၀** *USD*
*ဝန်ထမ်းတစ်ဦးစီအလိုက် သင်တန်းပေးရန် ကုန်ကျစရိတ်*



**၃၀.၄၃**
*ဝန်ထမ်းတစ်ဦးစီအလိုက် သင်တန်းတက်ရောက်သည့် နာရီများ*

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# လုပ်ငန်းပိုင်း အကောင်းဆုံး လုပ်ဆောင်မှု ဆု



**Feedstock Business**
PT Indorama Petrochemicals, Indonesia



**Fibers Business**
PT Indorama Ventures Indonesia, Indonesia



**PET Business**
Guangdong IVL PET Polymer Company Limited, China



**Packaging Business**
Indorama Ventures Packaging (Philippines) Corporations, Batino, Philippines

လုပ်ငန်းပိုင်း အကောင်းဆုံး လုပ်ဆောင်မှု ဆုကို စီးပွားရေးကဏ္ဍတစ်ခုအတွင်းရှိ အသင်းအဖွဲ့၏ အားထုတ်မှုများကို အသိအမှတ်ပြုရန်အတွက် ၂၀၁၇ ခုနှစ်တွင် မိတ်ဆက်ခဲ့ပါသည်။ ဆုပေးရန် ရေရှည်တည်တံ့နိုင်စွမ်း၊ လုပ်ငန်း လည်ပတ်မှုနှင့် ဘဏ္ဍာရေးတို့မှ စံနှုန်းသတ်မှတ်ချက် တို့ကို အဓိက အာရုံစိုက် စိစစ်ပါသည်။ အချို့သော ရေရှည်တည်တံ့နိုင်စွမ်း စံနှုန်းများတွင် ဖန်လုံအိမ် ထုတ်လွှတ်မှု၊ ထိခိုက်ဒဏ်ရာ ရမှု၊ စွမ်းအင် သုံးစွဲမှု၊ ဝယ်ယူသူ စိတ်ကျေနပ်မှုနှင့် ဝန်ထမ်းများ တက်ကြွစွာ ပါဝင်ပက်သက်မှုတို့ ပါဝင်ပါသည်

**စီးပွားရေး ကဏ္ဍလေးရပ်မှ သက်ဆိုင်ရာ အကောင်းဆုံး စီးပွားရေး အဖွဲ့လေးဖွဲ့အား ဆုချီးမြှင့်ပြီး ဘန်ကောက်မြို့တွင် ကျင်းပသော နှစ်စဉ် တစ်ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ ဆွေးနွေးရေးတွေ့ဆုံပွဲတွင် IVL ၏တစ်ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်များ ရှေ့တွင် ဘုတ်အဖွဲ့ဝင်များက ဆုရရှိသူများကို ချီးကျူး ဂုဏ်ပြုကြပါသည်။**

ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ

# လူ့အခွင့်အရေး

5 GENDER EQUALITY | 8 DECENT WORK AND ECONOMIC GROWTH | 10 REDUCED INEQUALITIES

## ကျွန်ုပ်တို့ စီးပွားရေး၏ တန်ဖိုးကွင်းဆက်အတွင်း လူ့အခွင့်အရေး အကဲဖြတ် သုံးသပ်မှု

ကျွန်ုပ်တို့သည် လူ့အခွင့်အရေးအားလုံးကို လေးစားခြင်းနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း (ILO)၏ လုပ်ငန်းခွင်အတွင်း အခြေခံ စည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အရေး ကြေညာချက် တို့ကို လိုက်နာခြင်းကို ပြင်းပြစွာ ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ လူ့အခွင့်အရေး မူဝါဒသည် ပါဝင်ပက်သက်သူများအားလုံး၏ အခွင့်အရေးကို ကိုယ်စားပြုပါသည်။

**သုည**

*၂၀၁၈ခုနှစ် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ*

*၁၀၀%*
မရှိမဖြစ် ထုတ်ကုန် ပံ့ပိုးသူများ

*၁၀၀%*
*ကမ္ဘာအနှံ့ရှိ လုပ်ငန်းများ (ဖက်စပ်လုပ်ငန်းများ အပါအဝင်)*

### ထုတ်ကုန် ပံ့ပိုးသူများ

ထုတ်ကုန် ပံ့ပိုးသူများ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် စနစ်တကျနှင့် လိုက်လျောညီထွေ ချဉ်းကပ်၍ သူတို့အား အောက်ပါတို့ကို တောင်းဆိုရမည်။

- ထုတ်ကုန်ပံ့ပိုးသူတို့၏ ကျင့်ဝတ် စည်းကမ်းကို နားလည်လိုက်နာရမည်
- ကိုယ့်ကိုကိုယ် သုံးသပ်ခြင်း မေးခွန်းလွှာများကို ဖြေဆိုရမည်။

### လုပ်ငန်းခွင် လူ့အခွင့်အရေး အကဲဖြတ် သုံးသပ်ခြင်း

**ပြောဆိုဆက်သွယ်ပြီး ဖြေရှင်း**

တိုးတက်မှုကို စောင့်ကြည့်ရန် သဘောတူသောလုပ်ဆောင်မှုများကို အခြေခံ၍ လုပ်ရှားမှု အစီအစဉ်ဆွဲပါသည်။

**အကဲဖြတ် သုံးသပ်**

HRRP* = ၀.၃၀%.

အန္တရာယ်ရှိနိုင်သော ဒေသနှင့် နိုင်ငံ အဆင့်များအား ဖော်ထုတ်ပြီး။

**ရှာဖွေဖော်ထုတ်**

ဤအချက်ပြမှုများအတွက် အန္တရာယ် ဖြစ်နိုင်ခြေ သုံးသပ်ချက်အပေါ် မေးခွန်းများအား ဖော်ထုတ်ပြီး။

### ဝယ်ယူသူများ၊ စီးပွားရေး လက်တွဲဖော်များနှင့် ပြိုင်ဖက်များ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရှယ်ယာရှင်များနှင့် ဆက်ဆံရေး မူဝါဒ; ဝယ်ယူသူများနှင့် ဆက်ဆံရေး မူဝါဒ; စီးပွားရေး လက်တွဲဖော်များနှင့် ပြိုင်ဖက်များ မူဝါဒ; နှင့် ကုန်သွယ်ဖက်များနှင့် ငွေထုတ်ချေးသူများ မူဝါဒတို့တွင် ဖော်ပြထားသကဲ့သို့ ဝယ်ယူသူများ နှင့် အခြား စီးပွားရေး လက်တွဲဖော်များ၏ ကိုယ်ရေးလုံခြုံမှု ကိုလေးစားပါသည်။


မှတ်ချက်: * HRRP = ဖော်ထုတ်တွေ့ရှိသည့် ဖြစ်လာနိုင်သော လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ် ဖြစ်နိုင်ခြေ အရေအတွက် / (ဖြေဆိုသူ စုစုပေါင်း၏ အဖြေများ x မေးခွန်းစုစုပေါင်း)

ပိုမိုပြည့်စုံသော သတင်း အချက်အလက်များ

# ကော်ပိုရိတ် လူမှုတာဝန်များ

ကော်ပိုရိတ် လူမှုရေးရာ တာဝန်များ (CSR) သည်ကျွန်ုပ်တို့ စီးပွားရေး လုပ်ငန်း၏ သမာသမတ်ရှိမှုကို ကောင်းစွာဖော်ပြနိုင်မည့် သော့ချက် မဟာဗျူဟာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများသည် ကုမ္ပဏီတစ်ခုအနေဖြင့် လူမှု အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင် အတွက် ကောင်းကျိုးများ ပြသနိုင်ပြီး ရေရှည်တည်တံ့နိုင်စွမ်းအား ရယူနိုင်ရန်လည်း အထူး လိုအပ်လှပါသည်။


## လူမှုရေးရာ ထည့်ဝင်လှူဒါန်းမှုများ




**၁၁၄,၃၆၀ ဒေါ်လာ**
*စုစုပေါင်း လုပ်အား ဝန်ဆောင်မှု စရိတ်*

**၈၄,၁၄၀ ဒေါ်လာ**
*စုစုပေါင်း စီမံခန့်ခွဲမှု ကုန်ကျစရိတ်*

## CSR လှုပ်ရှားမှုများ




**၅၈,၆၄၀ နာရီ**
*အချိန်: ဝန်ထမ်းများ လစာရသည့် အလုပ်ချိန်များတွင် ပရဟိတ လုပ်ချိန်*

**၁,၀၀၇,၅၀၀**
*ဝန်ထမ်းများ လစာရသည့် အလုပ်ချိန်များတွင် ပရဟိတလုပ်ခြင်း ခန့်မှန်း ကုန်ကျစရိတ်*

## ရလဒ်နှင့် အကျိုးဆက်များ

### ပြန်လည်သန့်စင်အသုံးပြုခြင်း ပညာပေးခြင်း

- ကျောင်း ၁၅ ကျောင်း / ကျောင်းသား ၅,၀၃၂ ဦး
- ပလတ်စတစ်ပုလင်း ကီလို ၂,၀၀၀ ကျော်
- အဖွဲ့အစည်း ၁၀ ဖွဲ့(ပြည်သူ / အစိုးရ)
- ပြန်လည်သန့်စင်အသုံးပြုသော ပုလင်းများမှရသည့် ရှပ်အင်္ကျီ ၂,၅၀၀ အားလူထုသို့ ဝေပေးခဲ့။

### ကျန်းမာရေး

- ၆၅၀ ဦးဆေးကုသခွင့်ရ (ကိုယ်ကာယ စစ်ဆေးခြင်း, သွားကျန်းမာရေး, ဆေးရုံသို့ အခမဲ့ပို့ဆောင်ပေးခြင်း)
- ခွဲစိတ်လူနာ ၃၇၉ ဦး(အာခေါင်ကွဲ ကုသခြင်း)

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း

- Wetlands Edge Environment Center
- Asheboro တိရိစ္ဆာန်ရုံအား ထောက်ပံ့
- ဆည် ၁၀ ခုတွင် ရေသိုလှောင်ခြင်း
- ဇီဝမျိုးကွဲစုံလင်ရန် လိပ်နှင့် ငါးလွှတ်ခြင်း

ပိုမိုပြည့်စုံသော သတင်း
အချက်အလက်များ

# ရှေ့ဆက်ရမည့်လမ်း၊ ၂၀၁၉ နှင့် ၂၀၁၉ အလွန်



**တစ်ကမ္ဘာလုံးဆိုင်ရာ သန္နိဌာန်အနေဖြင့် ၂၀၂၅ ခုနှစ် အရောက်တွင် သုံးစွဲသူများ အသုံးပြုပြီးသော PET ပစ္စည်း တန်ချိန် ၇၅၀,၀၀၀ တန်အား ကျွန်ုပ်တို့၏ polyester ထုတ်လုပ်မှုတွင် အသုံးပြုနိုင်ရန်**

**ISO အသိအမှတ်ပြုလက်မှတ်များ**
တစ်ကမ္ဘာလုံးရှိ ကျွန်ုပ်တို့၏ လုပ်ငန်းများ **၂၀၂၀ ခုနှစ်အရောက်တွင်**
**100%** ISO 9001
**98%** ISO 14001, ISO 50001, ISO 45001/OHSAS 18001
အသိအမှတ်ပြုလက်မှတ်များရရေး

**ရေရှည်တည်တံ့သော ထုတ်ကုန် အမျိုးအစားခွဲခြင်းအား ၂၀၂၀ တွင် ပြီးစီးရန်**

တစ်ကမ္ဘာလုံးရှိ ကျွန်ုပ်တို့၏ လုပ်ငန်းများမှ **အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ အမှိုက်ပုံမြေများသို့ လုံးဝမရောက်ရေး** ပိုမို အာရုံစိုက်ရန်

တစ်ကမ္ဘာလုံးရှိ ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် **Zero Liquid Discharge** စနစ်ကို ပိုမိုအာရုံစိုက်ရန်

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်** သုံးစွဲမှုကို ဆက်လက် **မြှင့်တင်ရန်**

ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ

# အချက်အလက် အစီရင်ခံခြင်း၊ အတည်ပြုခြင်းနှင့် သေချာမှုအား အစီရင်ခံခြင်း



Global Reporting Initiative (GRI) ၏ သတ်မှတ်စံနှုန်းများကို အခြေခံ၍ အစီရင်ခံထားပါသည်။

သေချာမှုများအား အစီရင်ခံရာတွင် AA1000AS အား

**၁၀၀ %**

လိုက်နာမှုရှိပါသည်။

ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများ အတည်ပြုရာတွင် ISO 14064-1 နှင့် ISO 14064-3 တို့အား

**၁၀၀ %**

လိုက်နာမှုရှိပါသည်။

# ဆက်သွယ်ရန်နှင့်


**RICHARD JONES**

Head of Corporate Communications, Sustainability and Local Human Resources

+662 661 6661 ext. 680

richard.j@indorama.net

**HARSHA V REDDY**

Head of Global Sustainability

+662 661 6661 ext. 605

harsha.r@indorama.net

**AVINASH CHANDRA**

Head of Corporate EHS

+662 661 6661 ext. 184

avinash.c@indorama.net





ရေရှည်တည်တံ့နိုင်စွမ်း အစီရင်ခံစာ ၂၀၁၈ ခုနှစ်

For More Information




နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၈ ခုနှစ်

For More Information

PET သည် ရာနှုန်းပြည့် ပြန်လည် သန့်စင် အသုံးပြုနိုင်သော အခွံမခန်းဖွယ် ထုတ်ကုန် ဖြစ်ပါသည်။
**ပိုမိုကောင်းမွန်သော မနက်ဖြန်အတွက်** ကျွန်ုပ်တို့ အတူတကွ ၎င်းကို ဉာဏ်အမြော်အမြင်ရှိရှိ
အသုံးပြုပြီး တာဝန်သိစိတ်ဖြင့် မှန်မှန်ကန်ကန် စွန့်ပစ်ကြပါစို့။


INDORAMA VENTURES PUBLIC COMPANY LIMITED

75/102 Ocean Tower 2, 37th Floor,

Soi Sukhumvit 19 (Wattana), Bangkok 10110 Thailand

Telephone: +662 661 6661 Fax: +662 661 6664-5

www.indoramaventures.com



ရေရှည်တည်တံ့နိုင်စွမ်း အစီရင်ခံစာ အလုပ်အမှုဆောင် အကျဉ်းချုပ် ၂၀၁၈ ကို ပြန်လည် သန့်စင်အသုံးပြုထားသော စာရွက်များဖြင့်သာ
၁၀၀ ရာခိုင်နှုန်း ပုံနှိပ်ထားပါသည်။ စာသားများအားလုံးကိုလည်း သဘာဝ ပဲပုပ်မှင်ကိုသာ သုံး၍ ပုံနှိပ်ထားပါသည်။